## မြန်မာနိုင်ငံ၏ ပညာရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ

**၂၀၁၈ ခုနှစ်၊ ဇူလိုင်လ**

ဤစာတမ်းတိုတွင် မြန်မာနိုင်ငံ၊ အာဆီယံနိုင်ငံများနှင့်ပတ်သက်၍ ပညာရေးကိန်းဂဏန်းဆိုင်ရာသုံးသပ်ချက်များကို ဖော်ပြထားပါသည်။ ဤစာတမ်းတိုကို အချက်အလက်အသစ်များ ရရှိသည့်အပေါ်မူတည်၍ ဆက်လက်မွမ်းမံပြီး ထုတ်ဝေသွားပါမည်။ အချက်အလက်များအားလုံးအတွက် လစဉ်အချက်အလက်အသစ် ရရှိသည်မဟုတ်ပါ၊ အချို့အချက်အလက်များမှာ တစ်နှစ်တစ်ကြိမ် ထုတ်ပြန်သည်မျိုးလည်း ရှိပါသည်။ ထို့ကြောင့် စာတမ်းတိုပါ အချို့အချက်အလက်များနှင့် သုံးသပ်ချက်များသည် ထုတ်ဝေမှုတစ်ခုနှင့်တစ်ခုအကြား တူညီနိုင်ပါသည်။ စာတမ်းတိုတွင် မူဝါဒများကို ပြည့်စုံစွာသုံးသပ်ထားခြင်းမျိုးမပါရှိပါ။ အချက်အလက်ဖြစ်ပျက်စဉ်များ (trend) နှင့် အချက်အလက်နှိုင်းယှဉ်မှုများကိုသာ ဖော်ပြထားပါသည်။

**ရေးသားပြုစုသူ။ ဒေါ်ခင်သော်နှင်း M.A (Eng)**

STATISTICAL BULLETIN

# မာတိကာ


| | | |
|---|---|---|
| မြန်မာ့ပညာရေးဆိုင်ရာညွှန်းကိန်းများ | | ၃ |
| ၁။ | မြန်မာနိုင်ငံ၏ဆရာ/ ဆရာမပါဝင်မှု ရာခိုင်နှုန်း | ၃ |
| ၂။ | မြန်မာနိုင်ငံ၏ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသား/ ကျောင်းသူပါဝင်မှု ရာခိုင်နှုန်း | ၅ |
| ၃။ | မြန်မာနိုင်ငံ၏ ဆရာ/ ကျောင်းသားအချိုး | ၇ |
| ၄။ | အာဆီယံနိုင်ငံများ၏ စာတတ်မြောက်နှုန်း | ၈ |
| ၅။ | အာဆီယံနိုင်ငံများ၏ပညာရေးအသုံးစရိတ်များ | ၉ |

# မြန်မာ့ပညာရေးဆိုင်ရာညွှန်းကိန်းများ [၁]

## မြန်မာနိုင်ငံ၏ ဆရာ/ ဆရာမပါဝင်မှုရာခိုင်နှုန်း

### ၂၀၁၅-၂၀၁၆ ပညာသင်နှစ်




*Source : Ministry of Education*

### ၂၀၁၆-၂၀၁၇ ပညာသင်နှစ်




*Source : Ministry of Education*

### ၂၀၁၇-၂၀၁၈ ပညာသင်နှစ်




*Source : Ministry of Education*

အထက်တန်းအဆင့်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၌ မြန်မာနိုင်ငံ၏ ဆရာပါဝင်မှုရာခိုင်နှုန်းသည် ၁၇.၆ ရာခိုင်နှုန်းသာရှိ၍ ဆရာမပါဝင်မှုရာခိုင်နှုန်းသည် ၈၂.၄ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင်မူ ဆရာ ရာခိုင်နှုန်းကျဆင်းသွားပြီး ၁၆.၆ ရာခိုင်နှုန်းရှိကာ ဆရာမရာခိုင်နှုန်းသည် ၈၃.၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်

---

[၁] ၂၂.၆.၂၀၁၈ ရက်နေ့တွင် နောက်ဆုံးရရှိထားသောအချက်အလက်များဖြစ်ပါသည်။

တွင်မှု ဆရာ ရာခိုင်နှုန်းသည် ၁၇.၃ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ပြီး ဆရာမပါဝင်မှုရာခိုင်နှုန်းသည် ၈၂.၇ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။

အလယ်တန်းအဆင့်တွင်မှု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၌ မြန်မာနိုင်ငံ၏ ဆရာပါဝင်မှု ရာခိုင်နှုန်းသည် ၁၀ရာခိုင်နှုန်းသာရှိ၍ ဆရာမပါဝင်မှုရာခိုင်နှုန်းသည် ၉၀ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဆရာပါဝင်မှုရာခိုင်နှုန်းသည် ၉.၇ ရာခိုင်နှုန်းသို့ကျဆင်းခဲ့ပြီး ဆရာမပါဝင်မှုရာခိုင်နှုန်းသည် ၉၀.၃ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဆရာပါဝင်မှုရာခိုင်နှုန်း ၁၀.၁ ရာခိုင်နှုန်းအထိရှိခဲ့ပြီး ဆရာမရာခိုင်နှုန်းသည် ၈၉.၉ ရာခိုင်နှုန်းသာ ပါဝင်ခဲ့ပါသည်။

မူလတန်းအဆင့်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၌ မြန်မာနိုင်ငံ၏ဆရာပါဝင်မှုရာခိုင်နှုန်းသည် ၁၇.၁ ရာခိုင်နှုန်းရှိပြီး ဆရာမရာခိုင်နှုန်းသည် ၈၂.၉ ရာခိုင်နှုန်း ပါဝင်ပါသည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင်မှု ဆရာပါဝင်မှုရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ဆရာမပါဝင်မှုသည် ၈၂.၂ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ တွင် ဆရာပါဝင်မှု ၁၈.၃ ရာခိုင်နှုန်းထိ ဆက်လက်မြင့်တက်ခဲ့ပြီး ဆရာမရာခိုင်နှုန်းသည် ယခင်နှစ်များထက် ကျဆင်းခဲ့ပါသည်။

# မြန်မာနိုင်ငံ၏ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသား/ ကျောင်းသူပါဝင်မှုရာခိုင်နှုန်း

### မူလတန်းအဆင့်




*Source : Ministry of Education*

### အလယ်တန်းအဆင့်




*Source : Ministry of Education*

### အထက်တန်းအဆင့်




*Source : Ministry of Education*

မြန်မာနိုင်ငံ၏မူလတန်းအဆင့် ကျောင်းသားပါဝင်မှုနှုန်းသည် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၅၁.၂ ရာခိုင်နှုန်းရှိပြီး ကျောင်းသူပါဝင်မှုသည် ၄၈.၈ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းသားရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ကျောင်းသူရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တို့တွင်မူ ကျောင်းသားပါဝင်မှုသည် ၅၁.၃ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပြီး ကျောင်းသူရာခိုင်နှုန်းသည် ၄၈.၇ ရာခိုင်နှုန်းရှိခဲ့ပါသည်။

အလယ်တန်းအဆင့် ကျောင်းသားပါဝင်မှုသည် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်နှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တို့တွင် ၄၈.၈ ရာခိုင်နှုန်းရှိပြီး ကျောင်းသူပါဝင်မှုရာခိုင်နှုန်းသည် ၅၁.၂ ရှိခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင်မူ ကျောင်းသားပါဝင်မှုနှုန်း အနည်းငယ် တက်လာခဲ့ပြီး ကျောင်းသူပါဝင်မှုသည် ၅၁.၁ ရာခိုင်နှုန်းရှိခဲ့ပါသည်။

အထက်တန်းအဆင့် ကျောင်းသားပါဝင်မှုနှုန်းသည် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၄၄.၄ ရာခိုင်နှုန်းရှိပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင်မူ ၄၄.၈ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းသားပါဝင်မှု (၄၅.၄ ရာခိုင်နှုန်း) ပိုမိုမြင့်တက် လာခဲ့ပါသည်။ ကျောင်းသူပါဝင်မှုရာခိုင်နှုန်းသည် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၅၅.၆ ရာခိုင်နှုန်းရှိရာမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ၅၅.၂ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင်မူ ပိုမိုကျဆင်းခဲ့ပါသည်။

**မြန်မာနိုင်ငံ၏ ဆရာ/ ကျောင်းသားအချိုး**

| | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ (ယာယီ) |
|---|---|---|---|---|---|
| **မူလတန်းအဆင့်** | ၁:၂၈ | ၁:၂၆ | ၁:၂၂ | ၁:၂၃ | ၁:၂၀ |
| **အလယ်တန်းအဆင့်** | ၁:၃၇ | ၁:၃၃ | ၁:၂၉ | ၁:၂၉ | ၁:၂၈ |
| **အထက်တန်းအဆင့်** | ၁:၂၇ | ၁:၂၃ | ၁:၂၂ | ၁:၂၃ | ၁:၂၅ |

*Source : Ministry of Education*

မြန်မာနိုင်ငံ၏ မူလတန်းအဆင့်ပညာရေးတွင် ဆရာ/ ကျောင်းသားအချိုးမှာ ၂၀၁၈ ခုနှစ်တွင် ဆရာတစ်ဦးလျှင် ကျောင်းသား(၂၀)ယောက်နှုန်းအချိုးဖြစ်၍ ယခင်နှစ်များနှင့်နှိုင်းယှဉ်လျှင် ဆရာ/ ကျောင်းသားအချိုး လျော့နည်းလာပါသည်။ ၂၀၁၈ခုနှစ်တွင် မြန်မာနိုင်ငံ၏ မူလတန်းပြဆရာ/ ဆရာမဦးရေမှာ (၂၄၈,၀၀၀) ကျော်ရှိပါသည်။ အလယ်တန်းအဆင့်ပညာရေးတွင် ဆရာ/ ကျောင်းသားအချိုးမှာ ၁:၂၈ ဖြစ်၍ ၂၀၁၄ခုနှစ်မှစ၍ ၂၀၁၇ ခုနှစ်အထိ နှစ်များနှင့် နှိုင်းယှဉ်လျှင် ဆရာ/ ကျောင်းသားအချိုး လျော့နည်းလာပါသည်။ မြန်မာနိုင်ငံ၏ အလယ်တန်းပြဆရာ/ ဆရာမဦးရေမှာ (၁၀၄,၀၀၀) နီးပါးရှိပါသည်။ အထက်တန်းအဆင့်ပညာရေးတွင်လည်း ၂၀၁၄ ခုနှစ်တွင် ဆရာ/ ကျောင်းသားအချိုး ၁:၂၇ ရှိရာမှ ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ဆရာ/ ကျောင်းသားအချိုးကျဆင်းခဲ့ပြီး ၂၀၁၈ ခုနှစ်တွင်မူ ဆရာတစ်ဦးလျှင် ကျောင်းသား (၂၅) ယောက်နှုန်းအထိ ပြန်လည်မြင့်တက်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အထက်တန်းပြဆရာ/ ဆရာမဦးရေမှာ (၄၀,၀၀၀) ကျော်ရှိပါသည်။

## အာဆီယံနိုင်ငံများ၏ စာတတ်မြောက်မှုနှုန်း

**အာဆီယံနိုင်ငံများ၏ စာတတ်မြောက်မှုနှုန်း (ရာခိုင်နှုန်း)**




*Source : Worldbank*

မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ၇၆ ရာခိုင်နှုန်းခန့်ရှိပါသည်။ ကမ္ဘာ့ဘဏ်မှရရှိသည့်အချက်အလက်များအရ အင်ဒိုနီးရှားနိုင်ငံ၏ ၂၀၁၆ ခုနှစ် စာတတ်မြောက်မှုနှုန်း (၉၅ ရာခိုင်နှုန်း) နှင့် စင်ကာပူနိုင်ငံ၏ စာတတ်မြောက်မှုနှုန်း (၉၇ ရာခိုင်နှုန်း) တို့သည် မြန်မာနိုင်ငံထက် မြင့်ပါသည်။ စာတတ်မြောက်မှုအနည်းဆုံးနိုင်ငံမှာ လာအိုနိုင်ငံ (၂၀၁၁) ခုနှစ်ဖြစ်ပြီး ၅၈ ရာခိုင်နှုန်းသာ ရှိပါသည်။

## အာဆီယံနိုင်ငံများ၏ ပညာရေးအသုံးစရိတ်များ

**အာဆီယံနိုင်ငံများ၏ ပညာရေးအသုံးစရိတ် (GDP ၏ ရာခိုင်နှုန်း)**




*Source : Worldbank*

မြန်မာနိုင်ငံ၏ ၂၀၁၇ ခုနှစ် ပညာရေးအသုံးစရိတ်သည် GDP ၏ ၂.၂ ရာခိုင်နှုန်းဖြစ်ပြီး အခြားသော အာဆီယံနိုင်ငံများ၏ နောက်ဆုံးရအချက်အလက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် မြန်မာနိုင်ငံ၏ ပညာရေးအသုံးစရိတ်သည် GDP ၏ ရာခိုင်နှုန်း ဒုတိယအနည်းဆုံးဖြစ်ပါသည်။ အာဆီယံနိုင်ငံများတွင် ဗီယက်နမ်နိုင်ငံ (၂၀၁၃) နှင့် မလေးရှားနိုင်ငံ (၂၀၁၆) တို့၏ ပညာရေး အသုံးစရိတ်သည် GDP ရာခိုင်နှုန်းအရ အမြင့်ဆုံးဖြစ်ပြီး GDP ၏ ၅.၇ ရာခိုင်နှုန်းနှင့် ၄.၈ ရာခိုင်နှုန်းအသီးသီးဖြစ်ပါသည်။